ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ကြီးမြို့နယ်

(၂၀၁၈)ခုနှစ်

ပတ္တလားအုပ်စု ကျွဲတလင်းကျေးရွာ

# မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂-၃ပုံ ထက်မများရ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# ကျွဲတလင်းကျေးရွာတည်နေရာပြမြေပုံ



## ကျွဲတလင်းကျေးရွာသမိုင်းကြောင်း

ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းကျေးရွာသည် ၁၉၅၅ခုနှစ် မတိုင်ခင်နှစ်ပေါင်းတစ်ရာကျော်ခန့်က ရှေးလူကြီးများမှ စတင်တည်ထောင်ခဲ့ပါသည်။ ရွာတည်ထောင်စတွင် စာသင်ကျောင်းမရှိပါ။ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီး၏ ကျေးဇူးဖြင့် ရွာရှိကလေးများအား သင်ပုန်းကြီးပညာရေးသင်ပေးခဲ့ပါသည်။

၁၉၅၅မတိုင်ခင် ရွာသူရွာသားများမှစုပေါင်းပြီး ဆရာ၊ဆရာမငှားပေးကာ ကလေးများအား ပညာသင်ကြားပေးခဲ့သည်။ ၁၉၅၅ခုနှစ်မှစ၍ နိုင်ငံတော်မှ ပြည်တော်သာကျောင်းကို စတင်ဖွင့်လှစ်ပေးကာ ကလေးများအေးချမ်းစွာပညာသင်ကြားခဲ့ကြပြီး ၁၉၉၁ခုနှစ်မှစ၍ နိုင်ငံတော်မှအခြေခံပညာအလယ်တန်းကျောင်းကို စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၅ခုနှစ်မှစ၍ အခြေခံပညာအထက်တန်း ကျောင်းခွဲကို စတင်ဖွင့်လှစ်ပေးသည့်အတွက် ယခုအခါမျိုး ဆက်သစ်လူငယ်များသည် အထက်တန်းပညာပြီးဆုံးအောင် လွယ်ကူစွာပညာသင်ယူနိုင်ခဲ့ပါပြီ။ ယခင်က အဝေးမှလာရောက်၍ တာဝန်ကျသော ဆရာ၊ဆရာမများအား ရွာထဲရှိကျောင်းသားမိဘများ အိမ်တွင်အလှည့်နေခွင့်ပြုရန်စီစဉ်ပေးခဲ့ရသည်။ ၁၉၉၂ခုနှစ်တွင်ခလရ(၇၃)မှ ရွာရွှေ့ပြောင်းရန် အမိန့်ထုတ်သဖြင့် အင်းနက်ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာအနီး ကာလမ်းဘေးသို့ ရွှေ့ပြောင်းခိုင်းကာ ပြိုလုနီးပါးမြေသြဇာဂိုဒေါင်ကြီးထဲတွင် ကလေးများအားစာသင်ပေးခဲ့ရသည်။ ကားလမ်းဘေးတွင်တစ်နှစ်ကျော်ခန့်နေခဲ့ကြရပြီး မိမိတို့ရွာထဲသို့ပြန်မလာရဲကြပါ။ KNUခေါင်းဆောင်စောဂျူးမင်းမှ ပြန်မလာလျှင် တစ်ရွာလုံး ပြာကျအောင်လုပ်မည်ဟု ခြိမ်းခြောက်သဖြင့် ပြန်လာခဲ့ကြရပါသည်။ အချိန်တိုအတွင်းမှာပင် ရွာအနီးတွင်ရှိသောဘေးမဲ့အင်းအနီးတွင် တိုက်ပွဲဖြစ်ကာ အစိုးရစစ်တပ်မှ ဒုတိယအကြိမ်ရွှေ့ပြောင်းခိုင်းပြန်တော့သည်။ ဒုတိယအကြိမ်တွင် ရွာရှေ့ဘက်ရှိ ကျွဲတလင်းရွာသစ်သို့စုပုံစနစ်ဖြင့်ရွှေ့ပြောင်းခဲ့ကာ အမိန့်မရဘဲ မိမိတို့သဘောဖြင့်အရဲစွန့်ပြီးရွာထဲသို့ပြန်ရွှေ့လာကြပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် စားဝတ်နေရေးမပြည့်စုံသည့်ကြားမှ ကျောက်စရစ်အုပ်စုအနီးတွင် တိုက်ပွဲဖြစ်ပြီးခမရ (၃၄၉)မှထိုက်ထူစုစည်းကျေးရွာသို့ ရွှေ့ပြောင်းရန်အမိန့်ထုတ်လာသဖြင့် ၂၀၁၆ခုနှစ်

ဇွန်လတွင် ရွှေ့ပြောင်းခဲ့ရပြန်ပါသည်။ ထိုသို့ဖြင့် ပြန်လည်နေထိုင်ခွင့်မပြုသော်လည်း ၂၀၀၇ခုနှစ်တွင် မိမိတို့သဘောဖြင့်မိမိတို့ကျေးရွာသို့ပြန်လာကြပြီး ကလေးများအား ပညာသင်ယူခွင့်ရရှိအောင် ကြိုးစားကာဆက်လက်နေထိုင်ခဲ့ရာ ယခုအချိန်ထိ ဆက်လက် နေထိုင်ခွင့်ရရှိပြီး နိုင်ငံတော်မှ ပံ့ပိုးမှုများကိုလည်း ပြည့်ဝစွာ ခံစားနေရပြီဖြစ်ပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၃.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၄ | ၂၂ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# ကျွဲတလင်းကျေးရွာအရင်းအမြစ်ပြမြေပုံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ကျွဲတလင်းကျေးရွာတွင် အိမ်ခြေ(၃၇)အိမ်ရှိပြီး တစ်ရွာလုံးဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ လူဦးရေစုစုပေါင်း (၂၀၅)ဦးရှိပြီး အမျိုးသား (၉၇)ဦးနှင့် အမျိုးသမီး(၁၀၈)ဦးရှိပါသည်။ ကျွဲတလင်းကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ကြပြီး ကရင်နှင့်ဗမာပေါင်းထားသည့် လူမျိုးရော(၅)အိမ်၊ကချင်နှင့်ဗမာပေါင်းထားသည့်လူမျိုးရော(၁)အိမ်၊ဗမာတစ်အိမ်ရှိပါသည်။

<u>သောက်သုံးရေ</u>

ကျွဲတလင်းကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်တွင်းများ ၊ရေတွင်းများရှိသော်လည်း သောက်သုံးရေသန့်ရရှိသည့် တုံကင်အရေအတွက်နည်းပါးပါသည်။ရွာတွင် စက်ရေတွင်းနှင့်ရေကန်ရှိသော်လည်း တစ်ရွာလုံးလက်လှမ်းမီအသုံးမပြုနိုင်ဟုသိရှိရပါသည်။

<u>လမ်းနှင့်တံတားဆက်သွယ်ရေး</u>

ကျွဲတလင်းကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းအမျိုးအစားဖြစ်ပြီး အလွန်ကျဉ်းမြောင်းပါသည်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ကျွဲတလင်းကျေးရွာနှင့် ထန်းပင် ကုန်းတာဆုံသို့ ဆက်သွယ်ထားသောလမ်းအား ဂဝံလမ်းအဖြစ် ပြုလုပ်ပြီး ရေမြှုန်များအား စနစ်တကျပြုလုပ်ထားခြင်း၊ပထမနှစ်စက်ဝန်းတွင် မတောကုန်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအား ပြုပြင်မှုများပြုလုပ်ထားသည့်အတွက် ရွာချင်းလမ်းများမှာအဆင် ပြေချောမွေ့ပါသည်။

ပညာရေး

ကျွဲတလင်းကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပါသည်။ နီးစပ်ရာကျေးရွာများမှ ကျောင်းသူ ကျောင်းသားများ လာရောက်ပညာသင်ကြားကြပါသည်။ ကျောင်းသူကျောင်းသားများ စာသင်ဆောင်လုံလောက်ရန်အတွက် ၂၀၁၄ခုနှစ်တွင် ပညာရေးဌာနမှ စာသင်ဆောင်သစ်တစ်လုံး အားထပ်မံရရှိခဲ့ပါသည်။ ယခုနှစ်ပေါင်းကြာလာသည်နှင့်အမျှ ကျောင်းသားဦးရေပိုမိုများပြားလာပါ

သည်။ ကျောင်းသားဦးရေနှင့် ဆရာ၊မဦးရေများပြီး စာသင်ကျောင်းအိမ်သာ နှစ်လုံးသာရှိသော ကြောင့် စာသင်ကျောင်းအိမ်သာ လုံလောက်မှုမရှိပါ။

ကျန်းမာရေး

ကျွဲတလင်းကျေးရွာတွင် အုပ်စုအတွက်ဆောက်လုပ်ပေးထားသောဆေးခန်းရှိသော်လည်းကျဉ်းပြီးနရံများပျက်စီးနေပါသည်။ အုပ်စုအတွက် သားဖွားဆရာမတစ်ယောက်ရှိပါသည်။၂၀၁၈-၂၀၁၉ခနှ့်တွင် Save the Children အဖွဲ့မှလည်း ကျေးလက်ဆေးပေးခန်းထောက်ပံ့ပေးမည်ဟုလည်းသိရှိရပါသည်။

စီးပွားရေး

ကျွဲတလင်းကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်၊ ကိုင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ငါးရှာခြင်း၊ ဈေးရောင်းခြင်းတို့ကိုလည်းလုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုဝင်များသည် ကိုယ်ပိုင်လယ်၊ကိုင်းများ မရှိသဖြင့် ကြုံရာကျဘမ်း အလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။

အနှစ်ချုပ်

ကျွဲတလင်းကျေးရွာတွင် ရွာတွင်းလမ်းများ ကျဉ်းမြောင်းပြီး မိုးရာသီတွင် ဗွက်ထသော ကြောင့် သွားလာရခက်ခဲပါသည်။ စာသင်ကျောင်းအိမ်သာမလုံလောက်သည့်အတွက် ကလေးများ ကျန်းမာရေးထိခိုက်မှုများပြားပါသည်။ အလုပ်အကိုင်ရှားပါးသည့် အချိန်များတွင် လူထုဗဟိုပြု စီမံကိန်းမှရွာတွင်းလမ်းများအား ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းအိမ်သာတည်ဆောက်ပေးခြင်း အားဖြင့် ကျေးရွာလူထု အနေဖြင့်လည်း ဝင်ငွေများ ရရှိလာနိုင်ပါသည်။

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ကျွဲတလင်း

အုပ်စု - ကျွဲတလင်း

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအုပ်စု | အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ ပျဉ်ကာ အိမ်၊ လယ်ထွန်စက်၊ စပါးခြွေစက် | ၂ | ၅% |
| အလယ်အလတ်အုပ်စု | လယ်၊ကိုင်း၊လှည်း၊နွား၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၁၂ | ၃၂% |
| နွမ်းပါးသောအုပ်စု | ဆိုင်ကယ်၊သက်ကယ်မိုးပျဉ်ထောင်အိမ်၊ကြက်၊ဝက်၊ဘဲ၊ စက်ဘီး၊ | ၂၃ | ၆၃% |
| စုစုပေါင်း | | ၃၇ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊ကျွဲတလင်းကျေးရွာ၏ ဥစ္စာနေ ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**


**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသောကြောင့် အများအားဖြင့် လယ်နှင့်ကိုင်းများ ရှိကြပါသည်။ မိုးတွင်းကာလ၌ လယ်၊ယာများတွင် စပါးစိုက်ပျိုးခြင်း၊ ပဲစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျွဲတလင်းကျေးရွာ၏ အဆင်ပြေသော မိသားစုတို့သည် အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ ပျဉ်ကာအိမ်၊ လယ်ထွန်စက်၊ ၊ဖောကားများ ပိုင်ဆိုင်ကြပြီး တစ်ရွာလုံး၏ (၅%)ခန့်သာရှိသည်။ အလယ်အလတ် မိသားစုများတွင် လယ်၊ ကိုင်းအနည်းငယ်စီ၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုးအိမ် ပိုင်ဆိုင်ကြသော မိသားစုတို့မှာ တစ်ရွာလုံး၏ (၃၂%)ခန့်ရှိကြသည်။ နွမ်းပါးသော မိသားစုများသည် ဆိုင်ကယ်၊သက်ကယ်မိုးပျဉ်ထောင်အိမ်၊ကြက်၊ဝက်၊ဘဲ၊စက်ဘီး၊ ဆိုလာနှင့် အိမ်မွေးတိရိစ္ဆာန်များ ပိုင်ဆိုင်ကြပြီး အင်းများတွင် ငါးရှာခြင်း၊ ဈေးရောင်းခြင်း၊လက်လုပ်လက်စား ကျဘမ်းအလုပ်များ လုပ်ကိုင်ကြသော မိသားစုတို့မှာ (၆၃%)ခန့်ရှိပါသည်။

ပြဿနာအနှစ်ချုပ်

ကျွဲတလင်းကျေးရွာသည် လယ်ယာစိုက်ပျိုးခြင်းကို အဓိကထား၍ လုပ်ကိုင်ကြပြီး လက်လုပ်လက်စားပေါ်များပါသည်။

ကျား-မရေးရာ အရင်းအမြစ်ပိုင်ဆိုင်မှု/အသုံးပြုမှု



ကျား-မရေးရာ အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်ချက်ချမှု



**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ် ၊ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းကျေးရွာ၏ အရင်းအမြစ် အသုံးချမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ဆုံးဖြတ်ချက်ချမှုသုံးသပ်ချက်ကိုအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။ ကျွဲတလင်းကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ လှည်း၊ နွား၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ လယ်ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ ကြက် ၊ဝက် ၊ခြံမြေတို့အား ပိုင်ဆိုင်ကြပါသည်။ ထိုအရင်းအမြစ်နှင့် ပတ်သက်၍ ဖောကား ဆန်စက်စသည့် စက်နှင့်ပတ်သက်သည့် ပစ္စည်းများအား အမျိုးသားများက အသုံးပြုကြပြီး ကြက်၊ ဝက်၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ ဆိုင်ကယ်၊ လှည်းတို့အား အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။၊ အရင်းအမြစ်များအား ထိန်းချုပ်ရာတွင် စက်ပစ္စည်းများအား အမျိုးသားများက အများဆုံး အသုံးပြုကြပြီး အမျိုးသားများကသာ ထိန်းချုပ်ကြပါသည်။ ကျန်ပစ္စည်းများအား အမျိုးသားနှင့် အမျိုးသမီးတို့ တိုင်ပင်ညှိနှိုင်းပြီး ထိန်းချုပ်မှုများ ပြုလုပ်ကြပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်



ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းကျေးရွာ၏ရာသီခွင်ပြ
ပြက္ခဒိန် သုံးသပ်ချက် နေ့စွဲ - ၂၃/၁၂/၂၀၁၇

နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း

ကျွဲတလင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ကိုင်း၊ အင်းလုပ်ငန်းများ ဖြစ်ပါသည်။ နယုန်လ၊ ဂါဆိုလနှင့် ဂါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများ စိုက်ပျိုးခြင်း လုပ်ငန်းကို လုပ်ကိုင်ပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် သီးနှံများ ရိတ်သိမ်း ကြပါသည်။ အင်းလုပ်ငန်းအားတန်ခူးလမှ တော်သလင်းလအထိ အနည်းငယ်လုပ်ကိုင်ကြပါသည်။ ဘာသာရေး ပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲ၊ တော်သလင်းလတွင် ရှင်ဥပကုတ္တမီးမျှောပူဇော်ပွဲ၊ ဝါဆို၊ သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ဘာသာရေးပွဲများပြုလုပ်ကျင်းပကြသည်။ နယုန်လတွင်မူ နေပူတလှည့်မိုးရွာတလှည့်ရှိသည်။ ဝါဆိုနှင့်ဝါခေါင်လ၊တော်သလင်းလများတွင်မူ မိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ တန်ဆောင်မုန်းလမှ ကဆုန်လထိနေပူ၍ရာသီဥတုသာယာပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့်ကဆုန်လများတွင်ကျေးရွာသူကျေးရွာသားများ အလုပ်အကိုင်နည်းပါး ပြီး ထိုလများတွင်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည် ဖြစ်သည်။

# ပင့်ကူအိမ်ပုံစံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ ကျွဲတလင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ရာတွင် ခေါင်းစဉ်(၈)ခုဖြင့် ဆွေးနွေးခဲ့ပါသည်။ (၁) ပညာရေး၊ (၂)ဝင်ငွေရရှိမှု၊ (၃)အိမ်မှုကိစ္စ၊ (၄)အစည်းအဝေးများတွင်ပါဝင်မှု၊ (၅) ကျန်းမာရေး၊ (၆) ဦးဆောင်နိုင်မှု၊ (၇)လူမှုရေး ၊ (၈)ဗဟုသုတတို့ဖြစ်ပါသည်။

ကျွဲတလင်းကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီး ပညာရေးအခြေအနေသုံးသပ်ချက်မှာ အမျိုးသားများသည်(၅၀%)ရရှိပြီး အမျိုးသမီးများသည်(၅၀%)ရရှိသည်။ ကျွဲတလင်းကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ပညာသင်ကြားခွင့် တန်းတူရရှိကြသည်။ ဝင်ငွေရရှိမှု အခြေအနေသုံးသပ်ချက်တွင် အမျိုးသားများက (၇၀%)ရရှိပြီး အမျိုးသမီးများသည် (၃၀%)ရရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေရလုပ်ငန်းများ ပိုမို လုပ်ကိုင်ကြသောကြောင့် ဖြစ်သည်။ လူမှုရေးကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူပါဝင်ကြသည်။ ဦးဆောင်နိုင်မှုအခြေအနေ သုံးသပ်ချက်တွင် အမျိုးသား ၈၀%ရရှိပြီး အမျိုးသမီးများသည် ၆၀%ရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဦးဆောင်မှုကဏ္ဍကို ပိုမိုလုပ်ဆောင်ကြခြင်းမှာ အမျိုးသမီးများကိုယ်တိုင်မှ အမျိုးသားများအား ဦးဆောင် နိုင်သူများဟု သတ်မှတ်ထားကြခြင်းကြောင့်ဖြစ်သည်။ ယခုအခါတွင်မူ ဦးဆောင်မှုအပိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးကွာခြားမှုနည်းပါလာပါသည်။ အိမ်မှုကိစ္စအခြေအနေ သုံးသပ်ချက်တွင် အမျိုးသားများက ၄၀% အမျိုးသမီးများက ၈၀% ခန့်ရှိကြပါသည်။အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စကို မိမိတို့တာဝန်ဟု သတ်မှတ်ထားကြခြင်း၊ အမျိုးသားများမှဝင်ငွေရလုပ်ငန်းများကို ပိုမိုလုပ်ကိုင်ကြခြင်းများကြောင့် ဖြစ်သည်။ အစည်းအဝေးများတွင်ပါဝင်မှုတွင် အမျိုးသားများက (၆၀%)ခန့်နှင့် အမျိုးသမီးများက (၈၀%)ခန့် ပါဝင်ကြသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချမှုများအား အမျိုးသားများကသာ ပိုမိုလုပ်ဆောင်ကြပါသည်။ အသိပညာဗဟုသုတကြွယ်ဝမှုတွင် အမျိုးသားနှင့်အမျိုးသမီးများ တန်းတူပညာသင်ကြားခွင့် ရရှိကြသည့်အတွက် ဗဟုသုတပိုင်းတွင်လည်း ညီမျှမှုရှိပါသည်။

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊ကျွဲတလင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၃/၁၂/၂၀၁၇**

**နေရာ-ကျွဲတလင်းကျေးရွာဘုန်းကြီးကျောင်း**

ကျွဲတလင်းကျေးရွာတွင် ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ Save the Children ဖွံ့ဖြိုးရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုးသားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီ တို့ဖြစ်ပါသည်။ ချိတ်ဆက်မှုရှိသော ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့ဖြစ်ပါသည်။

ကျွဲတလင်းကျေးရွာ၏ အဖွဲ့အစည်းအားလုံးတို့သည် ကျေးရွာ၏ လူမှုရေးကိစ္စများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ချိတ်ဆက်၍အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



အမျိုးသမီးအဖွဲ့မှ ဦးစားပေးလုပ်ငန်းများဆွေးနွေးနေပုံ



## အမျိုးသားအဖွဲ့မှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲနေပုံ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးဖိုးတာ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-971310562 | | လူထုစည်းရုံးရေးမှူး၏ အမည်<br>[illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ကျွဲတလင်း | ကျေးရွာ - ကျွဲတလင်း |

[illegible]
09-252380349

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ကရင်-- | ၃၅ | ဘာသာ (၁) --ဗုဒ္ဓ------ | ၃၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ကရင်+ဗမာ | ၂ | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ကရင်- | ၄၀ | ၁၀၈ |
| လူမျိုးစု (၂)---ကချင် | ၁ | |
| လူမျိုးစု (၃)---ဗမာ- | ၁ | |
| အခြား ကရင်+ဗမာ | ၅ | |
| အိမ်ထောင်ဦးစီး | ၃၀ | ၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>၈၀၀m (ခွဲ) | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ဂဝံလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(ဇ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးရောက်နိုင်မှုကွာဝေးသနည်း?   မိုင် ---၀--- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---------၀--------- ထော်လာဂျီ/ဗမော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ---------------၀------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☐ မရှိပါ     ☑ ရှိပါသည်     ရှိလျှင်ဖော်ပြပါ ------- ရေကြီး ခြင်း -------

(ဉ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

(ဋ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ     ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်     အမည် - ဦး မိုး တာဝး

လက်မှတ် [signature]    နေ့စွဲ 15/10/2017

လူထုစည်းရုံးရေးမှူး     အမည် [illegible]

လက်မှတ် [signature]    နေ့စွဲ 15/10/2017

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖေါ်ပယ့်ဟာဇော် | | | | | |
| နေ့စွဲ 15/10/2017 | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတာယင်း | | ကျေးရွာ ကျွဲတာယင်း | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15/10/2017 | 15/10/2017 | 6 | 17 | 23 | 23 | စကောကရင် | 37 | 63% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23/12/2017 | 23/12/2017 | 8 | 14 | 22 | 22 | စကောကရင် | 37 | 60% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25/12/2017 | 25/12/2017 | 18 | 13 | 31 | 31 | စကောကရင် | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 13.2.2018 | 13.2.18 | 12 | 18 | 30 | 30 | ကရင် | 37 | 81.08% |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 13/2/2018 | 13.2.18 | 12 | 18 | 30 | 30 | ကရင် | 37 | 81.08% |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 13.2.18 | 13.2.18 | 12 | 18 | 30 | 30 | ကရင် | 37 | 81.08% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 13.2.18 | 13.2.18 | 12 | 18 | 30 | 30 | ကရင် | 37 | 81.08% |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 13.2.18 | 13.2.18 | 12 | 18 | 30 | 30 | ကရင် | 37 | 81.08% |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| ညွှန်ကြားချက်။ အဆင့်(၃) ကျေးရွာစီမံချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူး ၏အညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယုအောင် |

| နေ့စွဲ 23/12/2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ () ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
|---|---|---|---|
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ ကျွဲတလင်း |

ဂ။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျဉ်းမြောင်းပြီး ပျက်စီးနေသောကြောင့် မိုးရာသီ | ၁ | ရွာတွင်းလမ်းများ ပျက်စီးနေ၍ သွားလာရေး နှင့် ပညာရေး ကျန်းမာရေး အတွက် ခက်ခဲခြင်း။ |
| ၂ | သွားလာရခက်ခဲခြင်း၊ ကားများ ထိုးမရခြင်း။ ကျောင်းဆောင် ပျက်စီးနေ | ၂ | ဆေးခန်း ပျက်စီးနေ၍ ကျန်းမာရေး အတွက် စိတ်မချရခြင်း |
| ၃ | ၅ကျောင်းသား/သူများ အတွက်ရေ မှု ဖြစ်ခြင်း၊ ကျောင်း ရှိသော မလုံလောက် သောကြောင့် ကျန်းမာရေး ထိခိုက် | ၃ | ကျောင်းသားများ အတွက် သောက်သုံးရေ မလုံလောက်ခြင်းကြောင့် ကျန်းမာရေး ညံ့ဖြင့်ခြင်း |
| ၄ | ဆိပ်ကမ်း ဖြစ်ခြင်း၊ ဆေးခန်း ပျက်စီးပြီး ဆေးဝါး မလုံလောက်ခြင်း၊ ရိုက်ပြိုး | ၄ | ပြုပြင်စရာမရှိ မရရှိခြင်းကြောင့် လူငယ်များ အသင့်အတင့် နိမ့်ကျခြင်း |
| ၅ | ဆိုင်များ အလုပ်အကိုင် နည်းခြင်း၊ ပိုက်ဆံ ဖြစ်များကြောင့် ပွားရေး မဖြေရှင်းနိုင်ခြင်း | ၅ | လုံလောက်သော စားဝတ်နေရေး အဆင်မပြေ မရှိခြင်းကြောင့် ရွာပိုင် ပစ္စည်းများ ထိန်း သိမ်းရန် |

ငွေ ရာမရှိ ခြင်း၊ အစည်းအဝေး များ ကျင်းပရန်နေရာ ခက်ခဲခြင်း

ဃ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း များ ကျယ်ပြန့်ကောင်းမွန် ပြီး ရာသီမရွေး သွားလာရ လွယ်ကူ | ၁ | ရွာတွင်းလမ်း များကောင်းမွန်ကာ ဖွံ့ ဖြိုးတိုး တက်လာ ရမည်. |
| ၂ | ဆင်ပြေခြင်း၊ စာသင်ကျောင်းဆောင် များ ပြည့်စုံကောင်းမွန် ပြီး ပညာရေး | ၂ | ကျန်းမာရေး အတွက် ဆေးခန်း နှင့် ဆေးဝါး များ လုံလောက် ရှိပါသည်. |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | တိုးတက်ကောင်းမွန်ကာ ဖွံ့ဖြိုးတိုးတက်သော ရွာကလေး ဖြစ်လာစေပါသည် ရေကျော်ရေကွင်း ကလေးများအတွက် | ၃ | ကျောင်းအိမ်သာလုံလောက်လာစေပါသည်။ |
| ၄ | အိမ်သာများလုံလောက်ပြီး ကျန်းမာရေးကောင်းမွန်ကာ ပျော်ရွှင်သောသူများ ဖြစ်လာပါမည် | ၄ | ပျက်စီးမှုမရှိပြီး လူငယ်မှုအဆင့်အတန်း မြင့်လာကာ ဖွံ့ဖြိုးတိုးတက်လာပါသည်. |
| ၅ | စေးရောင်းများလည်း မြင့်မားရောင်းချကာ ကျန်းမာပျော်ရွှင်သောသူများ ဖြစ်ကာ ဖွံ့ဖြိုးတိုးတက်လာပါသည် | ၅ | ကျေးရွာအတွက် အလက်စုံသုံးခန်းမ ဆောင် ရရှိပြီး ကျေးရွာ အစည်းအဝေး ပွဲများ နှင့်. |
| ၆ | မိမိတို့ကျေးရွာ၏ အစိုးရလမ်းပြ လုပ်ငန်းဖြစ်သည့်အတိုင်း မျိုးဆက်အတွက် နည်းစနစ်များ ရရှိလာပါသည်. | ၆ | သာရေး၊ နာရေး ကိစ္စရပ်များတွင် အဆင်ပြေလာရမည်. |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အတည်ပြုခဲ့သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား + မ | ၃,၀၀၀,၀၀၀/- | ၃၈၇-ဦးခန့်. |
| ၂ | ကျောင်းအိမ်သာတည်ဆောက်ခြင်း | ကျား + မ | ၃,၀၀၀,၀၀၀/- | " |
| ၃ | ဇာသနဆောင် ပြုပြင်ခြင်း | ကျား + မ | | " |
| ၄ | ကျေးရွာအလက်စုံသုံး ခန်းမ | ~~ကျား~~ မ | | " |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အထိုက်ပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
| --- | --- | --- | --- |
| ၁ | စိုက်ပျိုးရေး နည်းပညာပေး | ကျား | livelyhood |
| ၂ | သင်တန်း | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် — [illegible] — လက်မှတ် — [illegible] နေ့စွဲ 23.12.2017

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်း ကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်း ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါ်လှိုင်ဝတ်ရည်ထွန်း | လက်ထောက်နည်းပညာမှူး |
| ၂ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၄ | ကျေးရွာလူထု | (PC – 12 ) |
| ၅ | စောလင်းသန့် | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၆ | နော်အားမူး | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၇ | နော်အားထူး | ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၈ | စောထက်ထက် | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၉ | စောမန်နေဂျာ | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၁၀ | နော်စနေဖေါ် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၁ | စောအေးဆေး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ |
| ၁၂ | စောမိုင်းဝေ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၃ | နော်သဒါး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၄ | နော်ချစ်စု | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၅ | စောမောင်ဒူး | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၆ | စောမောင်အုန်း | စေတနာ့ဂန်ထမ်း |
| ၁၇ | နော်ကလူထူး | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၈ | နော်သီတာဝင်း | ကျေးရွာငွေစာရင်းကိုင် |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဂန်းအတွက် စီမံကိန်းအကြောင်းပြန်လည်မိတ်ဆက်ခြင်း၊ အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကော်မတီများ ပြန်လည်အတည်ပြုခြင်း၊ ပြန်လည်ရွေးချယ်ခြင်း၊ တတိယနှစ်စက်ဂန်းအတွက်လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ ကျွဲတလင်းကျေးရွာ ရာအိမ်မှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက်ဂန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးကောင်းမွန်ကျော်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဂန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဒေါ်လှိုင်ဝတ်ရည်ထွန်းမှ အကျုံးဂင်၊ အကျုံးမဂင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍ အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဉစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကို အသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက် အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ဒုတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို တတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင် ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုနောက်လိုအပ်သော ကော်မတီဂင်များကို ကျေးရွာလူထုသဘောတူ ဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၈။ ထိုနောက်တတိယနှစ်စက်ဂန်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အများသဘောတူ ဆုံးဖြတ်ရွေးချယ်ခဲ့ ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောလင်းသန့် |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | နော်အားမူး |
| ၃ | (ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ) | နော်အားထူး |
| ၄ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောထက်ထက် |
| ၅ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောမန်နေဂျာ |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | စောမိုင်းဝေ |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်) | နော်သဒါး |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဌ) | စောအေးဆေး |
| ၁၀ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင်) | နော်စနေဖေါ် |
| ၁၂ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ချစ်စု |
| ၁၃ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောမောင်ဒူး |
| ၁၄ | (စေတနာ့ဂန်ထမ်း) | စောမောင်အုန်း |
| ၁၅ | (စေတနာ့ဂန်ထမ်း) | နော်ကလူထူး |
| ၁၆ | (ကျေးရွာငွေစာရင်းကိုင်) | နော်သီတာဝင်း |

(ခ)

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူဦးရေ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား+မ | ၂၈၇ |
| ၂ | စာသင်ကျောင်းအိမ်သာတည်ဆောက် ခြင်း | ကျား+မ | ၂၈၇ |
| ၃ | စာသင်ဆောင်ပြုပြင်ခြင်း | ကျား | ၂၈၇ |
| ၄ | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | မ | ၂၈၇ |
| ၅ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း | ကျား | ၂၈၇ |

အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့်ညနေ(၅း၀၀) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ကော်မတီဝင်စာရင်းများ

**ကျေးရွာ - ကျွဲတလင်း** **အုပ်စု - ကျွဲတလင်း**

| အမည် | ရာထူး |
|---|---|
| စောလင်းသန့် | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ |
| နော်အားမူး | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ |
| နော်အားထူး | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဋ္ဌ |
| စောထက်ထက် | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| စောမန်နေဂျာ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| စောအေးဆေး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဥက္ကဋ္ဌ |
| နော်စနေဖေါ် | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် |
| စောမိုင်းဝေ | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဥက္ကဋ္ဌ |
| နော်သဒါး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် |
| နော်ချစ်စု | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| စောမောင်ဒူး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| စောမောင်အုန်း | ကျေးရွာစေတနာ့ဝန်ထမ်း |
| နော်ကလူထူး | ကျေးရွာစေတနာ့ဝန်ထမ်း |
| နော်သီတာဝင်း | ကျေးရွာငွေစာရင်းကိုင် |

## ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ကျွဲတလင်းကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား၊မ | ၂၀၁၈ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စာသင်ကျောင်းအိမ်သာတည်ခြင်း | ကျား၊မ | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | စာသင်ဆောင်ပြုပြင်ခြင်း | ကျား | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | မ | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်း | ၅ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ကျား | - | ကော်မတီဝင် ကျေးရွာလူထု | - |